အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ်(Recruitment Point System)

ကိုရီးယားဘာသာအရည်အချင်းစစ် (EPS-TOPIK)စာမေးပွဲ (ကုန်ထုတ်၊ဆောက်လုပ်ရေး၊ စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်း) စာမေးပွဲကျင်းပမည့် စာစစ်ဌာန၊ နေ့ရက်၊ အချိန် ထုတ်ပြန်ကြေညာချက်

၁။ စာမေးပွဲဖြေဆိုရမည့် စာစစ်ဌာန

- ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(U.C.S.Y) ၊ ရွှေပြည်သာမြို့နယ်
- ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ (W.Y.U)၊ ထန်းတပင်မြို့နယ်

၂။ စာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ လူဦးရေ၊ ခုံနံပါတ်နှင့်နေရာ

| စဉ် | နေ့ရက် | အချိန် | | ဖြေဆိုရမည့် ခုံနံပါတ် | ဖြေဆိုရမည့်နေရာ |
|---|---|---|---|---|---|
| ၁။ | ၂၆-၉-၂၀၁၅ (စနေနေ့) နံနက်ပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၀၉;၀၀ နာရီ မှ ၁၀;၀၀ နာရီ ထိ | ၂၀၀၀၀၀၀၁ မှ ၂၀၀၀၁၃၆၃ ထိ → | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၀;၀၀ နာရီ မှ ၁၁;၁၀ နာရီ ထိ | ၂၀၀၀၁၃၆၄ မှ ၂၀၀၀၂၆၀၆ ထိ → | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် |
| ၂။ | ၂၆-၉-၂၀၁၅ (စနေနေ့) မွန်းလွဲပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၁၃;၀၀ နာရီ မှ ၁၄;၀၀ နာရီ ထိ | ၂၀၀၀၂၆၀၇ မှ ၂၀၀၀၃၉၆၈ ထိ → | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၄;၀၀ နာရီ မှ ၁၅;၁၀ နာရီ ထိ | ၂၀၀၀၃၉၆၉ မှ ၂၀၀၀၅၂၀၉ ထိ → | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် |
| ၃။ | ၂၇-၉-၂၀၁၅ တနင်္ဂနွေနေ့နံနက်ပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၀၉;၀၀ နာရီ မှ ၁၀;၀၀ နာရီ ထိ | ၂၀၀၀၅၂၁၀ မှ ၂၀၀၀၆၅၇၆ ထိ | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၀;၀၀ နာရီ မှ ၁၁;၁၀ နာရီ ထိ | ၂၀၀၀၆၅၇၇ မှ ၂၀၀၀၇၈၁၈ ထိ | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် |
| ၄။ | ၂၇-၉-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၁၃;၀၀ နာရီ မှ ၁၄;၀၀ နာရီ ထိ | ၂၀၀၀၇၈၁၉ မှ ၂၀၀၀၉၀၉၀ ထိ | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၄;၀၀ နာရီ မှ ၁၅;၁၀ နာရီ ထိ | ၂၀၀၀၉၀၉၁ မှ ၂၀၀၁၀၃၃၃ထိနှင့် ၂၀၀၁၀၄၇၀ | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် |

မှတ်ချက်။
(၁) ယှဉ်တွဲပါ ခုံနံပါတ်များအလိုက် သတ်မှတ်ထားသည့် တက္ကသိုလ်တွင် သာဖြေဆိုရပါမည်။
(၂) သတ်မှတ်ချက်နှင့် မကိုက်ညီ၍ စာမေးပွဲဖြေဆိုခွင့်မရှိသည့် လျှောက်လွှာနံပါတ် ၂၀၀၀၈၆၂၀၊ ၂၀၀၀၂၃၄၂၊ ၂၀၀၀၆၂၂၄၊ ၂၀၀၀၇၄၁၁ တို့ဖြစ်ပါသည်။
(၃) စာမေးပွဲဖြေဆိုခွင့်မရှိသူ(၄)ဦးစလုံး၏ လျှောက်လွှာကြေးများအား အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၌ တစ်လအတွင်းအမြန်ဆုံးပြန်လည်ထုတ်ယူရန် အသိပေးအပ်ပါသည်။
(၄) သက်ဆိုင်ရာ၏ပြောင်းလဲချက်အရခုံအမှတ် ၂၀၀၁၀၀၇၀ အစားခုံအမှတ် ၂၀၀၁၀၄၇၀ ဖြင့် ပြောင်းလဲဖြေဆိုရမည် ဖြစ်သည်။

ဖြေဆိုသူများသတိပြုလိုက်နာရန် -

(၁) စာမေးပွဲဖြေဆိုမည့်သူများအားရှင်းလင်းဆွေးနွေးပညာပေးခြင်းရှိပါသဖြင့် နံနက်ပိုင်းတွင် ဖြေဆိုမည့်သူများသည် နံနက် ၈;၃၀ နာရီတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဖြေဆိုမည့်သူများသည် မွန်းလွဲ၁၄;၀၀ နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းသို့ ဝင်ရောက်နေရာယူပြီးဖြစ်ရမည်။ ဤသတ်မှတ်ချိန်ထက်နောက်ကျပါကစာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

(၂) လျှောက်လွှာနံပါတ် (စာမေးပွဲခုံနံပါတ်) အလိုက်ဖြေဆိုရမည့် အခန်းနံပါတ်များကို ဖြေဆိုမည့်နေ့တွင် ဖြေဆိုရမည့်စာစစ်ဌာန၌ ကြေညာထားပါမည်။ သတ်မှတ်ထားရှိသောစာစစ်ဌာနနှင့် ဖြေဆိုရမည့်အချိန်၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်သဖြင့် မိမိဖြေဆိုရမည့် စာစစ်ဌာနနှင့် ဖြေဆိုရမည့်အချိန်ကို ဂရုတစိုက်ကြည့်ရှုမှတ်သားရန် လိုပါသည်။

(၃) စာမေးပွဲဖြေဆိုမည့်နေ့ရက်တွင် စာမေးပွဲမေးခွန်းလွှာနှင့် အဖြေလွှာကိုတစ်ဦးလျှင် တစ်စုံသာလက်ခံရရှိမည် ဖြစ်ပြီး စာမေးပွဲအဖြေလွှာပေါ်တွင် ဖြေဆိုသူ၏ အမည်၊ စာမေးပွဲဖြေဆိုခွင့်၊ နံပါတ်၊ မေးခွန်းလွှာ အမျိုးအစား များအား ပုံနှိပ်ထားရှိပြီးဖြစ်ပါသည်။

- ဖြေဆိုသူသည်စာမေးပွဲဖြေဆိုလွှာ လက်ခံရရှိသည်နှင့်မိမိ၏အမည်နှင့် စာမေးပွဲဖြေဆိုခွင့်နံပါတ်အား စစ်ဆေးရန်နှင့် လက်ခံရရှိသောမေးခွန်းလွှာသည် အဖြေလွှာပေါ်တွင် ပုံနှိပ်ထားသော မေးခွန်းအမျိုးအစား (A,B,C or D) မှ တူညီသောအမျိုးအစား မေးခွန်းလွှာဟုတ်၊ မဟုတ်သေချာစွာ ကြည့်ရှုလက်ခံရန် လိုပါသည်။
- မေးခွန်းလွှာနှင့် အဖြေလွှာအမျိုးအစားများယွင်းစွာဖြေဆိုမိ၍ ဖြစ်ပေါ်လာသည့် ပြဿနာ အဝဝသည် ကာယကံရှင်၏ တာဝန်သာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်ခံရရှိသော မေးခွန်းလွှာအမျိုးအစားနှင့် အဖြေလွှာအမျိုးအစား တူညီမှု ရှိ၊ မရှိကို စာမေးပွဲစတင်မဖြေဆိုမီ အထူးသတိပြုစစ်ဆေးရပါမည်။

(၄) စာမေးပွဲဖြေဆိုသူများအား ထုတ်ပြန်ကြေငြာထားသည့် သတ်မှတ်နေရာ၊ နေ့ရက်နှင့် အချိန်မှလွဲ၍ အခြားနေရာ၊ နေ့ရက်၊ အချိန်တို့သို့ ပြောင်းရွှေ့ဖြေဆိုခွင့်မပြုပါ။

(၅) စာမေးပွဲဖြေဆိုသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား၊ နိုင်ငံကူးလက်မှတ်မူရင်း စသည်တို့ ယူဆောင်လာရမည်။ စာမေးပွဲဖြေဆိုချိန်တွင် ဖြေဆိုသူတစ်ဦးစီအား စာမေးပွဲအခန်းကြီးကြပ်သူနှင့် ကိုရီးယားသမ္မတနိုင်ငံလူ့စွမ်းအားဖွံ့ဖြိုးမှုရုံးအဖွဲ့တို့မှ သက်သေခံကတ်ပြားများကို စစ်ဆေးပါမည်။

(၆) စာမေးပွဲဖြေဆိုမည့်နေ့တွင် ဖြေဆိုသူတစ်ဦးစီကို စာမေးပွဲမေးခွန်းတစ်စုံနှင့် ဖြေဆိုမည့်သူ၏ အမည်၊ မွေးသက္ကရာဇ်၊ စာမေးပွဲခုံနံပါတ်ပါရှိသောအဖြေလွှာကို ဖြန့်ဝေပါမည်။ လျှောက်ထားသူသည် စာမေးပွဲ မဖြေဆိုမီအဖြေလွှာပေါ်တွင် ပုံနှိပ်ထားသောမိမိ၏ အမည်၊ မွေးသက္ကရာဇ်၊ စာမေးပွဲခုံနံပါတ်တို့ကို စစ်ဆေး ရပါမည်။ စာမေးပွဲအဖြေလွှာပေါ်တွင် ဖြည့်သွင်းထားသော အချက်အလက်များသည် မိမိ၏နိုင်ငံကူး လက်မှတ်တွင်ပါရှိသည့် အချက်အလက်များနှင့် ကွဲလွဲပါက တစ်ပါတည်းပြင်ဆင်သွားနိုင်ရန် စာမေးပွဲခန်း ကြီးကြပ်သူမှတစ်ဆင့် တာဝန်ရှိသူတို့ထံအကြောင်းကြားရမည်။ ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက နောင်တွင်စာမေးပွဲအောင်စာရင်းထုတ်ပြန်ပြီးမှ အချက်အလက်များကွဲလွဲမှုကြောင့် ပေါ်ပေါက်လာမည့် အခက်အခဲများအား တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

(၇) ဖြေဆိုသူတစ်ဦးလျှင် အဖြေလွှာတစ်စောင်သာထုတ်ပေးမည်ဖြစ်ပြီး အဖြေလွှာပေါ်တွင် ဖြေဆိုထားပြီး အဖြေများအား ပြင်ဆင်ခြင်း၊ ဖျက်ခြင်းပြုလုပ်ပါက မှားယွင်းသောအဖြေအဖြစ် သတ်မှတ်မည်။

(၈) အဖြေလွှာပေါ်တွင် အနက်ရောင်ဖောင်တိန် (သို့)အနက်ရောင် ဘောလ်ပင်ကိုသာသုံးရမည်။ ခဲတံ၊ အခြားသော ဘော(လ်)ပင်အရောင်များကို သုံးပါက မှားယွင်းသောအဖြေလွှာအဖြစ် သတ်မှတ်မည်။

(၉) စာမေးပွဲဖြေဆိုချိန် မပြီးမီ၊ စာမေးပွဲခန်းမအတွင်းမှ ထွက်ခွာခြင်းနှင့် သန့်စင်ခန်းသွားခြင်းခွင့်မပြုပါ။

**(၁၀) စာမေးပွဲဖြေဆိုမည့်သူများသည် လက်ကိုင်တယ်လီဖုန်း၊ အခြားသောလျှပ်စစ်သုံး ကိရိယာများကို စာမေးပွဲ ဖြေဆိုရာတွင် ယူဆောင်လာခွင့်မရှိပါ။ စာမေးပွဲဖြေဆိုချိန်တွင် အဆိုပါစက်ကိရိယာများ အသုံးပြုခြင်း၊ ယူဆောင်လာခြင်း တွေ့ရှိပါက လိမ်လည်ဖြေဆိုသည်ဟု သတ်မှတ်မည်။**

**(၁၁) စာမေးပွဲဖြေဆိုသူသည် အထက်အပိုဒ်ခွဲ(၁၀)ပါ တားမြစ်ကိရိယာများ လျှို့ဝှက်ယူဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရပါကလည်းကောင်း၊မမှန်ကန်သည့်အပြုအမူများဖြင့်စာမေးပွဲဖြေဆိုရန် ကြိုးပမ်းအားထုတ် နေရကြောင်းစိစစ်တွေ့ရှိလျှင်လည်းကောင်း၊**
**စာမေးပွဲဖြေဆိုမှုအားရပ်ဆိုင်း၍ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်အား(၂)နှစ် ပိတ်ပင်ခြင်းခံရမည်။တည်ဆဲဥပဒေတစ်ရပ်ရပ် အရလည်းအရေးယူခြင်းခံရမည်။**

(၁၂) စာမေးပွဲဖြေဆိုရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်အညီဝတ်စားဆင်ယင်ရမည်။
စာမေးပွဲနှင့်ပတ်သက်၍ သိလိုသောအချက်များရှိပါကအောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။


အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အမှတ်(၈/၁)နဂါးရုံဘုရားလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃